# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်
# ကြေညာချက်အမှတ် (၆/၂၀၁၆)
# အများနှင့်သက်ဆိုင်သောကုမ္ပဏီများသို့ကြေညာချက်
# ၂၀၁၆ ခုနှစ်၊ ဇူလိုင်လ ၈ ရက်

၁။ ၂၀၁၃ ခုနှစ် ဇူလိုင်လ ၃၁ ရက်နေ့တွင် ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ (Securities Exchange Law) ကို ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၂၀) ဖြင့် နိုင်ငံတော်သမ္မတလက်မှတ်ရေးထိုး၍ ထုတ်ပြန်ပြဋ္ဌာန်းထားပြီးဖြစ်ပါသည်။

၂။ ယင်းဥပဒေနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့သည် ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင် (Securities and Exchange Commission of Myanmar) (SECM) ကို ၂၀၁၄ ခုနှစ် ဩဂုတ်လ (၁၉) ရက်နေ့ ရက်စွဲပါ အမိန့်ကြော်ငြာစာအမှတ် (၆၄/၂၀၁၄) ဖြင့်ဖွဲ့စည်းခဲ့ပါသည်။

၃။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ အခန်း(၆)၊ ပုဒ်မ(၃၅) အရအများနှင့်သက်ဆိုင်သောကုမ္ပဏီ (Public Company) များသည် အစုရှယ်ယာများကို အများပြည်သူသို့ကမ်းလှမ်းခြင်းမပြုမီ အလားအလာညွှန်းတမ်း (Prospectus) အား SECM သို့တင်ပြပြီး အတည်ပြုချက်ရယူ၍ SECM သည်ရက်ပေါင်း ၆၀ အတွင်းအဆုံးအဖြတ်ပေးရမည်ဟု ပြဋ္ဌာန်းထားပါသည်။

၄။ သို့ရာတွင်အများနှင့်သက်ဆိုင်သောကုမ္ပဏီအချို့သည် SECM သို့တင်ပြ၍ အတည်ပြုချက်ရယူခြင်းမရှိပဲ အများပြည်သူသို့ အစုရှယ်ယာများရောင်းချလျှက်ရှိသည်ကိုကြားသိရပါသည်။

၅။ ငွေချေးသက်သေခံလက်မှတ်များလဲလှယ်ရောင်းဝယ်ရေးဥပဒေ၏ အဓိကရည်ရွယ်ချက်မှာ ရင်းနှီးမြှုပ်နှံမည့်အများပြည်သူများ နစ်နာဆုံးရှုံးမှုမရှိစေရေးအတွက် အကာအကွယ်ပေးရန်ဖြစ်ပါသဖြင့် အစုရှယ်ယာများထုတ်ဝေရောင်းချလျှက်ရှိသည့် (သို့မဟုတ်) ရောင်းချရန်အစီအစဉ်ရှိသည့် အများနှင့်သက်ဆိုင်သောကုမ္ပဏီများသည် SECM သို့ဆက်သွယ်တင်ပြ၍ကြိုတင်ခွင့်ပြုချက်ရယူကြပါရန်နှင့် ခွင့်ပြုချက်ရယူခြင်းမရှိပဲ ဆောင်ရွက်သည်ကိုတွေ့ရှိပါက ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းကြိုတင်အသိပေးကြေညာအပ်ပါသည်။


ငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်
အမှတ် (၂၁-၂၅) ဆူးလေဘုရားလမ်းနှင့် ကုန်သည်လမ်းထောင့်
မြန်မာ့စီးပွားရေးဘဏ်တိုင်းဒေသကြီးရုံးဒုတိယထပ်၊ ပန်းပဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း ၀၁-၃၇၀၁၀၀၊ ဖက်စ် ၀၁-၃၇၀၁၀၀၊ Email: secm.myanmar@gmail.com
Website: www.secm.gov.mm